# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
## အမှတ် ၆/၂၀၀၄)

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော "for carrying out the Convention relating to the regulation of Aerial Navigation. signed at Paris. October 13, 1919. with Additional Protocol, signed at Paris, May 1.1920. and any amendment which may be made thereto under the provisions of Article 34 thereof." ဆိုသည့်စကားရပ်ကို "for carrying out the provisions of the Convention on International Civil Aviation, signed at Chicago, on 7 December, 1944. and any amendment which may be made thereto

under the provisions of Article 94, thereof." ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ယင်းပုဒ်မ၏ ဘေးခေါင်းစဉ်တွင်ပါရှိသော "Convention of 1919" ဆိုသည့် စကားရပ်ကို "Convention of 1944" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "class of aircraft" ဆိုသည့် စကားရပ်၏နောက်တွင် "and the safety and the security of Civil Aviation" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ကခ) ၏နောက်တွင် ပုဒ်မခွဲငယ် (ကဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ac) the economic regulation of civil aviation and air transport services, including the approval, disapproval or revision of tariff of operators of air transport services, the officers or authorities who may exercise powers in this behalf, the procedure to be followed, and the factors to be taken into account by such officers or authorities, appeals to the Government against orders of such officers or authorities and all other matters connected with such tariff."

၅။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅ ၏နောက်တွင် ပုဒ်မ ၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

Conferring power to make rules.

"5A. (a) The Chairman of the State Peace and Development Council may confer on the Ministry of Transport the power to make rules prescribed in section 5.

Power of Ministry of Transport to make rules.

(b) Under the power conferred by sub-section (a), the Ministry of Transport may, with the approval of the Government, make such rules as may be necessary.

Power to issue notifications, orders, notices and directives.

(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, notices on requirements and directives and the Department of Civil Aviation may issue necessary orders, notices on requirements and directives."

၆။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၉ ၏နောက်တွင် ပုဒ်မ ၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

Penalty for failure to comply with notifications, orders, notices and directives.

" 9A. Whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section (c) of

section 5A, shall be punishable with imprisonment for a term which may extend to one month or with fine which may extend to kyats 20,000, or with both."

၃။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေတွင် –

(က) ပုဒ်မ ၁၀ ၌ ပါရှိသော "section 5," ဆိုသည့် စကားရပ်၏ နောက်တွင် "sub-section (b) of section 5 A," ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၁၀ ၌ ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "kyats 50,000" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၁ ၌ ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "kyats 100,000" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ